## ၆။ အလဟဿ

သမားတော်ကြီးနှစ်ယောက် စကားပြောနေကြသည်။

'ကျုပ်ဆီမှာ လူနာတစ်ယောက် ရှိခဲ့ဘူးတယ်။ ကျုပ်ရဲ့ ခန့်မှန်းချက်အရ ဒီလူနာဟာ လွန်ခဲ့တဲ့ ၁၀ နှစ်ကတည်းက သေရဘို့ရှိတယ်။ ဒါပေမယ့် မသေဘူး။ အခုထိ အသက်ရှင်နေတုံးပဲ'

'အဲဒါပြောတာပေါ့၊ လူနာဟာ တကယ်ပဲ အသက်ရှင်လိုစိတ် ပြင်းပြနေရင် ဆေးပညာဟာ အလဟဿ ဖြစ်သွားတတ်တယ်'

## ၇။ မီးတော့ လှုံ့ချင်ကြတယ်

အရက်သမား နှစ်ယောက် အိမ်ပြန်လာကြသည်။ ရာသီဥတု နိုက်နိုက်တုန်အောင် အေးလှသည်နှင့် လမ်းတွင်တွေ့သော သစ်တုံးကိုခွဲကာ မီးဖိုကြရန် တိုင်ပင်ကြသည်။ သို့ဖြင့် ပါလာသော လွှတိုလေးဖြင့် သစ်တုံးကို ဖြတ်ကာ မီးလှုံ့ကြသည်။ မီးတောက်ကို မြင်ကြသော အနားရွာမှ ရွာသူရွာသားများ မီးလောင်သည်ထင်ပြီး အုယားဖားယား ပြေးလာကြသည်။ ဤတွင် အရက်သမား တစ်ယောက်က ဤသို့ ပြောသည်။

'ကြည့်စမ်း။ သစ်တုံးခွဲ မီးမွှေးဘို့ ကျတော့ ဘယ်သူမှ မလုပ်ချင်ကြဘူး။ အဲ မီးလှုံ့ချင်တဲ့ အခါကျတော့မှ အားလုံး ပြေးလာ လိုက်ကြတာ၊ ဟင်း'





## ၈။ ဈေးပေါလို့



စတိုးဆိုင်ကြီးထဲမှ ပစ္စည်းအချို့ကို အလစ်သုတ်ရန် ကြိုးစားသော မိန်းမတစ်ဦးကို ဆိုင်လုံခြုံရေး ဝန်ထမ်းက သုံးကြိမ်တိတိ ဖမ်းမိသည်။

'ခင်ဗျား ဘာဖြစ်လို့ ကျုပ်တို့ဆိုင်က ပစ္စည်းတွေကိုပဲ အလစ်သုတ်ဘို့ ကြိုးစားနေရတာလဲ။ တခြားဆိုင်တွေ မရှိတော့တာ ကျနေတာပဲ'

'ရှင်တို့ဆိုင်က ပစ္စည်းဈေးတွေ သက်သာလို့ပါ'

## ၉။ တိုးတိုးပြော

ခြံထဲရှိ သရက်ပင်ပေါ်တက်၍ သရက်သီးများကို ခိုးနေသော အိမ်ဘေးမှ ချာတိတ်ကို ခြံပိုင်ရှင်က ဖမ်းမိသည်။

'လာ ငါနဲ့လိုက်ခဲ့။ မင်းရဲ့အဖေဆီသွားမယ်။ ကလေးကို မဆုံးမ ရကောင်းလားလို့ သူ့ကို ငါသွားချဲမယ်'

'တိုးတိုးပြောပါ ဦးလေးရယ်။ ဖေဖေ ကြားသွားပါအုံးမယ်။ ဖေဖေက ဟိုဘက်က သရက်ပင်ပေါ်မှာ'